မြန်မာနိုင်ငံ၏အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေကို လေ့လာတင်ပြခြင်း

တင်ပြသူ

ပြည်တွင်းအခွန်များဦးစီးဌာန

တင်ပြမည့်အစီအစဉ်

- နိဒါန်း
- မျက်မှောက်ခေတ် အခွန်အကောက်စနစ် အခြေခံမှုများ
- ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)
- အခွန်မူဝါဒ (Tax Policy)
- မြန်မာနိုင်ငံ၏အခွန်အကောက်ဖွဲ့စည်းပုံ (Tax Structure)
- အခွန်အရပ်ရပ်ကောက်ခံရရှိမှု အခြေအနေ
- နိုင်ငံတော်၏အခွန်ရငွေနှင့် ဂျီဒီပီအချိုး
- အခွန်ရငွေနှင့်ဂျီဒီပီအချိုး နိမ့်ကျရသည့် အကြောင်းအရင်းများ
- အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကြံပြုတင်ပြချက်
- မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုအပေါ် သုံးသပ်ခြင်း
- အကြံပြုတင်ပြချက်
- နိဂုံး

နိဒါန်း


ပုဂ္ဂလိကအခန်းကဏ္ဍ
(Private Sector)
အခွန်အကောက်
များ
အစိုးရရန်ပုံငွေစာရင်း
(Government Budget)
ကျန်းမာရေး၊ ပညာရေး၊
စီးပွားရေး၊ လူမှုရေး၊
လမ်းပန်းဆက်သွယ်မှု
ကောင်းမွန်ရေး၊
ရပ်ရွာအေးချမ်းသာယာရေး
နှင့် တရားဥပဒေစိုးမိုးရေး၊
နိုင်ငံတော်လုံခြုံရေးနှင့်
ကာကွယ်ရေး စသည့်
လုပ်ငန်းများ
ပြည်သူအားလုံး၏
အခန်းကဏ္ဍ
(Public Sector)

မျက်မှောက်ခေတ် အခွန်အကောက်စနစ် အခြေခံမူများ(အခ)

အခြေခံမူ(၂)ရပ်

- အကျိုးခံစားရရှိမှု အနည်းအများအပေါ် အခြေခံခြင်း (Benefit Principle)
- ပေးနိုင်စွမ်းအားအပေါ် အခြေခံခြင်း (Ability To Pay Principle)

အခွန်မျှတမှု(၂)ရပ်

- အလျားလိုက်မျှတမှု (Horizontal Equity)
- ဒေါင်လိုက်မျှတမှု (Vertical Equity)

မျက်မှောက်ခေတ် အခွန်အကောက်စနစ် အခြေခံမှုများ(အဆက်)

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခွန်စနစ်အားနည်းချက်များ

- ခက်ခဲရှုပ်ထွေးခြင်း (Complexity)
- အလျော့အတင်း ပြုလုပ်ပေးနိုင်စွမ်းနည်းပါးခြင်း (Inelastic)
- အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်း (Inefficient)
- အခွန်စည်းကြပ်ကောက်ခံငွေ ကွဲပြားမှုရှိခြင်း (Inequitable)

မျက်မှောက်ခေတ် အခွန်အကောက်စနစ် အခြေခံမူများ(အဆုံး)

ကောင်းမွန်သောအခွန်စနစ်၏ အင်္ဂါရပ်များ **(Adam Smith)**

- ညီမျှခြင်း (Equity)
- တိကျသေချာခြင်း (Certainty)
- အဆင်ပြေလွယ်ကူခြင်း (Convenience)
- စွမ်းဆောင်ရည်ရှိခြင်း (Efficiency)

ကောင်းမွန်သောအခွန်စနစ်၏ အင်္ဂါရပ်များ **(Joseph E. Stiglitz)**

- စီးပွားရေးစွမ်းဆောင်ရည်ရှိခြင်း (Economic Efficiency)
- စီမံခန့်ခွဲမှု ရှင်းလင်းလွယ်ကူမှုရှိခြင်း (Administrative Simplicity)
- ပြောင်းလွယ် ပြင်လွယ်ရှိခြင်း (Flexibility)
- နိုင်ငံရေးအရ တာဝန်ရှိခြင်း (Political Responsibility)
- တရားမျှတမှုရှိခြင်း (Fairness)

ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)

- နိုင်ငံတစ်နိုင်ငံ၏ မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုရရှိစေရန်အတွက် အခွန်အကောက်များ (Tax Revenue)အစိုးရ အသုံးစရိတ်များ (Government Expenditure) နှင့် အစိုးရ၏ချေးငွေ (Government Debts) တို့ကို လိုအပ်သလို သတ်မှတ်၍ ဆောင်ရွက်ခြင်း၊

အခွန်မူဝါဒ (Tax Policy)

- နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေ ရရှိရေးအတွက် ရသင့်ရထိုက်သော အခွန်ငွေ များ အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊
- ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သောအခွန်စနစ် ဖြစ်ပေါ် စေရန်၊
- ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက် စနစ်က ထိန်းညှိပေးရန်၊
- စီးပွားရေးနှင့် လူမှုရေး ရည်မှန်းချက်များကို အထောက်အကူ ဖြစ်စေရန်။

မြန်မာနိုင်ငံ၏အခွန်အကောက်ဖွဲ့စည်းပုံ (Tax Structure)

စဉ်	အခွန်အမျိုးအစား	ဦးစီးဌာန	ဝန်ကြီးဌာန
၁	ဝင်ငွေခွန်	ပြည်တွင်းအခွန်	ဘဏ္ဍာအခွန်
၂	အမြတ်ခွန်	။	။
၃	ကုန်သွယ်လုပ်ငန်းခွန်	။	။
၄	တံဆိပ်ခေါင်းခွန်	။	။
၅	အောင်ဘာလေသိန်းဆုခွန်	။	။
၆	အကောက်ခွန်	အကောက်ခွန်	။
၇	ယစ်မျိုးခွန်	အထွေထွေအုပ်ချုပ်ရေး	ပြည်ထဲရေး
၈	မြေခွန်	။	။
၉	ရေခွန်နှင့် တာတမံခွန်	။	။
၁၀	ဓာတ်သတ္တုခွန်	။	။
၁၁	သစ်တောခွန်	သစ်တော	သစ်တောရေးရာ
၁၂	ကြက်ပေါင်စေးခွန်	။	။
၁၃	အင်းအိုင်ခွန်	ငါးလုပ်ငန်း	မွေးမြူရေး/ရေလုပ်ငန်း
၁၄	သယ်ယူပို့ဆောင်ရေးခွန်	ပို့ဆောင်ရေးစီမံကိန်း/ကညန	ရထားပို့ဆောင်ရေး
၁၅	သွင်းကုန်အတွက်လိုင်စင်ကြေး	ကုန်သွယ်ရေးဦးစီး/နကသ	စီးပွား/ကူးသန်း

အခွန်အရပ်ရပ်ကောက်ခံရရှိမှု အခြေအနေ





နိုင်ငံတော်၏အခွန်ရငွေနှင့် ဂျီဒီပီအချိုး



အခွန်ရငွေနှင့်ဂျီဒီပီအချိုး နိမ့်ကျရသည့် အကြောင်းအရင်းများ

- အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် သက်သာခွင့်များ ခွင့်ပြုခြင်း၊
- နိုင်ငံခြားငွေဖြင့် အခွန်ကောက်ခံခြင်း၊
- ပြည်ပသွင်းကုန်များအပေါ် ကောက်ခံသည့် စည်းကြပ်တန်ဖိုး(Assessed Value) သတ်မှတ်ချက်မှာ ဈေးကွက်လဲလှယ်နှုန်းအောက် လျော့နည်းခြင်း၊
- အခွန်ထမ်းများက အခွန်ဥပဒေများအပေါ် လိုက်နာမှုအားနည်းခြင်း၊
- အခွန်ဝန်ထမ်းများက ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အားနည်းခြင်း၊
- အခွန်ဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ဌာနအဖွဲ့အစည်း များက ပံ့ပိုးကူညီမှုအားနည်းခြင်း၊
- အခွန်ပမာဏ ကြီးမားစွာ ပေးဆောင်ရသည့် အခွန်ထမ်းများသည် အရိပ်အမျိုးမျိုးခိုကာ အခွန်လျော့နည်းသက်သာအောင် ကြံဆောင်ကြခြင်း၊
- စာရင်းကိုင်များ၊ စာရင်းစစ်အဖွဲ့များက ဆိုင်ရာဥပဒေများ၊ စံများ၊ မူများ၊ ကျင့်ဝတ်များနှင့် အညီ ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊
- အခွန်ဆိုင်ရာ ဥပဒေများ ခေတ်နှင့်အညီ ပြုပြင်ရန် လိုအပ်ခြင်း။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကြံပြုတင်ပြချက်

- လယ်ယာကဏ္ဍအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားခြင်းကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်း နိုင်ငံများအနက် အခွန်ကောက်ခံရရှိမှု အနည်းဆုံးနိုင်ငံဖြစ်၊
- အခွန်စီမံခန့်ခွဲမှုစနစ်ကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ကင်းလွတ်ခွင့်များ လျော့ချခြင်းအပါအဝင် အခွန်အခြေခံ (Tax Base) ချဲ့ထွင်ခြင်း၊ အခွန်ဖွဲ့စည်းပုံ (Tax Structure) ကို ရှင်းလင်းလွယ်ကူစေခြင်းတို့ဖြင့် အခွန်ကောက်ခံရရှိမှု ပိုမိုတိုးတက်လာအောင် ပြုလုပ်နိုင်၊
- ကုန်သွယ်လုပ်ငန်းခွန်အစား တန်ဖိုးဖြည့်အခွန် (Value Added Tax) စနစ်တစ်ရပ်ဖြင့် အစားထိုးကျင့်သုံးနိုင်၊
- ထိုသို့ကျင့်သုံးမည်ဆိုပါက အခွန်နှုန်းကို ၁၀% သို့မဟုတ် ၁၅% တစ်မျိုးတည်း သာသတ်မှတ်ဆောင်ရွက်သင့်၊
- စီးကရက်၊ အရက်၊ လောင်စာဆီနှင့် ဇိမ်ခံပစ္စည်းများအပေါ် တန်ဖိုးဖြည့်အခွန်အပြင် ထပ်ဆောင်းခွန်တစ်ခုကို နှုန်းတစ်ခု သတ်မှတ်ကောက်ခံသင့်။

မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုအပေါ် သုံးသပ်ခြင်း(အခ)

- အခွန်စီမံခန့်ခွဲမှုစနစ် ထိရောက် ထက်မြက်အောင်မြင်ရေးတွင် အခွန်ဆိုင်ရာ မူဝါဒ၊ အခွန်ဥပဒေ၊ အခွန်ဌာနနှင့် အခွန်ထမ်းတို့မှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၊
- အခွန်ဆိုင်ရာမူဝါဒများသည် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်လိုအပ်၊
- အခွန်ဥပဒေပြဋ္ဌာန်းချက်များသည် ရှင်းလင်းလွယ်ကူ၍ ထင်သာမြင်သာရှိပြီး ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိရန်လိုအပ်၊
- အခွန်တိမ်းရှောင်သူများအပေါ် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ် ချမှတ်ရန် လိုအပ်၊
- အခွန်ဌာနတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများသည် အခွန်ထမ်းများအပေါ် ကောင်းမွန်သည့် ဝန်ဆောင်မှုပေးရန်၊ ဆက်ဆံရေးပြေပြစ်ရန်လိုအပ်၊

မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုအပေါ် သုံးသပ်ခြင်း (အဆုံး)

- အခွန်ဌာနတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများသည် ခံယူချက်မြင့်မားရန်၊ ဥပဒေနှင့် လုပ်ငန်းတာဝန် ကျွမ်းကျင်ပိုင်နိုင်မှုရှိရန်လိုအပ်၊
- နိုင်ငံတော်က ယုံကြည်၍ အပ်နှံထားသည့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်၍ ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်ကာ မိမိကိုယ်ကျိုးအတွက်ကိုသာ ဦးစားပေးဆောင်ရွက်သည့် ဝန်ထမ်းများ ဖော်ထုတ်တွေ့ရှိရပါက စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေထိန်းကျောင်းမှု နည်းလမ်းများဖြင့် အရေးယူဆောင်ရွက်ရန်လိုအပ်၊
- အခွန်ဌာနအနေဖြင့် အခွန်ထမ်းများအား အစဉ်အမြဲ အခွန်ပညာပေးရန်လိုအပ်သကဲ့သို့ အခွန်ဝန်ထမ်းများကိုလည်း အစဉ်လေ့ကျင့် ပျိုးထောင်ပေးနေရန်လိုအပ်၊
- အခွန်ထမ်းများသည် အခွန်ဆိုင်ရာ အသိအမြင် ပိုမိုရရှိလာမည်နှင့်အမျှ အခွန်ဥပဒေများကို လေးစားလိုက်နာပြီး အခွန်တိမ်းရှောင်ခြင်း၊ စာရင်းများလိမ်လည် တင်ပြခြင်းများ ပြုတော့မည်မဟုတ်။

အကြံပြုတင်ပြချက် (အခ)

လတ်တလောဆောင်ရွက်သင့်သည့်အချက်များ

- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကိုသာ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုရန်၊
- စည်းကြပ်တန်ဖိုး (Assessed Value) သတ်မှတ်တွက်ချက်သည့် ငွေလဲလှယ်နှုန်းကို ဈေးကွက်ငွေလဲလှယ်နှုန်းနှင့်အညီ နှုန်းရှင် (Floating Rate) သတ်မှတ်တွက်ချက်ရန်၊
- အခြေခံပညာအဆင့်မှစ၍ သင်ရိုးညွှန်းတမ်းတွင် အခွန်အကောက်၏ အရေးပါပုံနှင့် တာဝန်သိ နိုင်ငံသားတစ်ဦးအနေဖြင့် အခွန်ပေးဆောင်ရန် လိုအပ်ပုံတို့ကို ထည့်သွင်းပြဋ္ဌာန်းရန်၊
- အခွန်ထမ်းများအပေါ် ပျူငှာချိုသာစွာဖြင့် စည်းရုံးပြောဆို ဆက်ဆံခြင်းဖြင့် ဝန်ဆောင်မှုပေးရေး အခွန်ဝန်ထမ်းများအား အမြဲမပြတ် လေ့ကျင့်လမ်းညွှန်ကြပ်မတ်ရန်၊
- အခွန်ဝန်ထမ်းများအား စဉ်ဆက်မပြတ် လေ့ကျင့်ပညာပေး ပြုစုပျိုးထောင်ရန်၊

အကြံပြုတင်ပြချက် (အဆက်)

- ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်ကာ မိမိကိုယ်ကျိုးအတွက်ကိုသာ ဦးစားပေးဆောင်ရွက်သည့် ဝန်ထမ်းများဖော်ထုတ် တွေ့ရှိရပါက စီမံခန့်ခွဲမှု နည်းလမ်း၊ ဥပဒေထိန်းကျောင်းမှု နည်းလမ်းများအရ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်ရန်၊
- ပြည်ထောင်စုအစိုးရ၏ အခွန်စည်းကြပ်ကောက်ခံမှုတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ပံ့ပိုးကူညီရန်၊
- ဥပဒေနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် အခွန်လျော့နည်းသက်သာစေရန် မိမိ၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ကာကွယ်ပေးသည့် ပုဂ္ဂိုလ်များဖော်ထုတ်တွေ့ရှိရပါက အရေးယူဆောင်ရွက်ရန်၊
- စာရင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စံများ၊ မူများ၊ ကျင့်ဝတ်များကိုဖောက်ဖျက်ကျူးလွန်သည့် စာရင်းပညာရှင်များ ဖော်ထုတ်တွေ့ရှိရပါက စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေထိန်းကျောင်းမှု နည်းလမ်းများအရ အရေးယူ ဆောင်ရွက်ရန်
- အခွန်ဥပဒေ ပြဋ္ဌာန်းချက်များသည် ရှင်းလင်းလွယ်ကူ၍ ထင်သာမြင်သာ ရှိပြီးခေတ်စနစ် နှင့် လိုက်လျောညီထွေစွာ ရှိစေရန်အတွက် သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

အကြံပြုတင်ပြချက် (အဆက်)

ရေရှည်ဆောင်ရွက်ရန် အချက်များ

- အခွန်အကောက်စနစ်ကို ပြန်လည်သုံးသပ်ပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်း (Tax System Reform) ပြုလုပ်ရန်၊
- အခွန်စည်းကြပ်ကောက်ခံနေသည့် အဖွဲ့အစည်းများကိုလည်း ပြန်လည်သုံးသပ် ပြင်ဆင်ဖွဲ့စည်းရန်၊
- ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် ကော်မရှင်တစ်ရပ်၏ ဦးဆောင်မှုဖြင့် ပြည်တွင်းပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်သည့် လေ့လာရေး အဖွဲ့များ ဖွဲ့စည်းပေးပြီး စစ်တမ်းများကျယ်ကျယ်ပြန့်ပြန့် ကောက်ယူစေ၍ တွေ့ရှိချက်များ သုံးသပ်တင်ပြစေကာ နိုင်ငံတော်အတွက် အသင့်လျော်ဆုံးဖြစ်မည့် အခွန် စနစ်တစ်ရပ်ကို ပြောင်းလဲကျင့်သုံးရန်၊

အကြံပြုတင်ပြချက် (အဆုံး)

- လက်ရှိကောက်ခံနေသည့် ကုန်သွယ်လုပ်ငန်းခွန်ကို အခွန်နှုန်းနိမ့်နိမ့် (Low Tax Rate) ဖြင့် အခွန်အခြေခံ ကျယ်ကျယ်ပြန့်ပြန့် (Broad Tax Base) ရှိသည့် တန်ဖိုးဖြည့်အခွန် (Value Added Tax) ဖြင့် အစားထိုးသင့်၊
- ယင်းတန်ဖိုးဖြည့်အခွန်သည် ကင်းလွတ်ခွင့်အနည်းဆုံးဖြစ်ခြင်း (Minimum Exemption)၊ ပို့ကုန်အပေါ် ကင်းလွတ်ခွင့်ပြုခြင်း(Zero Rate on Export) အခွန်နှုန်း တစ်မျိုးတည်းဖြစ်ခြင်း (Single Tax Rate) စသည့်အချက်များနှင့် အတတ်နိုင်ဆုံးပြည့်စုံရန်လိုအပ်၊
- ဝင်ငွေခွန်ကိုလည်း ကင်းလွတ်ခွင့် အနည်းဆုံးဖြင့် ကဏ္ဍမခွဲခြားဘဲ တရားမျှတမှုရှိစွာ ကောက်ခံသင့်၊ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self Assessment System) ကို ကျင့်သုံးနိုင်ရေး ဦးတည်ဆောင်ရွက်သင့်။

နိဂုံး

- ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်စွာ ဖြစ်ထွန်း ပေါ်ပေါက်လာသည် နှင့်အမျှ ရသင့်ရထိုက်သည့် အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝ ကောက်ခံရရှိရေးအတွက် ပိုမိုရှင်းလင်း လွယ်ကူပြီး မျှတမှန်ကန်၍ ထင်သာ မြင်သာရှိသော အခွန်စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ပြုပြင်ဆောင်ရွက် ရာတွင် ပါဝင်ပတ်သက် နေသူအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကျေးဇူးတင်ပါသည်။